**ပညာရေးဝန်ကြီးဌာန အခြေခံပညာရေးဥပဒေ (မူကြမ်း) ၂၀၁၇ အပေါ်**
**ယေဘုယျသုံးသပ်ချက်**

ဒေါက်တာသိန်းလွင်

အခန်း (၂) အခြေခံပညာရေး၏ ရည်မှန်းချက်များတွင် ယခင်ကရေးသားထားသည့် "အတွေးအခေါ်မှန်ကန်သော...." ဆိုသည့် အသုံးအနှုန်းကို "တွေးခေါ်ကြံဆ ဝေဖန်ပိုင်းခြားနိုင်သော...." ဆိုသည့်အသုံးအနှုန်း ပြောင်းလဲလာသည်ကို တွေ့ရသည်။

အခန်း (၃) အခြေခံပညာရေးဆိုင်ရာ အခြေခံမူများ၏ ပုဒ်မ ၄ (ဂ) တွင် "အခမဲ့မသင်မနေရ မူလတန်းပညာရေး ...." သည် မူလအတိုင်းမပြောင်းလဲသေးပါ။ ကမ္ဘာ့ကုလသမဂ္ဂ၊ အင်ချွန်းကြေညာစာတမ်းတွင်ပါဝင်သည့် ရေရှည် တည်တံ့ ဖွံ့ဖြိုးသည့် ပညာရေးရည်မှန်းချက် (၄) အရ အခမဲ့ပညာရေးသည် အခြေခံပညာပြီးဆုံးသည့် (၁၂) တန်းအထိ (KG+12) ဖြစ်ပြီး မသင်မနေရပညာရေးသည် အလယ်တန်းပြီးဆုံးသည့် စာသင်နှစ် (၉) ဖြစ်သည့်အပြင် အခြေခံ ပညာ ပြီးဆုံးသည်အထိ နိုင်ငံတော်မှတာဝန်ယူသော အခမဲ့အစီအစဉ်ဖြစ်ရပါမည်။

အခန်း (၄) တွင် KG+5-4-3 စနစ်ဟုဖော်ပြထားသည်ကို တွေ့ရသည်။

အခန်း (၅) တွင် အခြေခံပညာရေးကောင်စီ ဖွဲ့စည်းပုံကိုလေ့လာလျှင် ဗဟိုချုပ်ကိုင်မှုကို ထင်ရှားစွာ ဆက်လက် တည်ရှိနေကြောင်း တွေ့ရသည်။ ပညာရေးဝန်ကြီးက ဥက္ကဋ္ဌ နေရာယူထားသည်။

အခန်း (၆) သင်ရိုးညွှန်းတမ်းကဏ္ဍတွင်လည်း ဗဟိုချုပ်ကိုင်သည့် သင်ရိုးညွှန်းတမ်းသာလျှင်ဖြစ်ဆဲဖြစ်သည်။ ဒေသအလိုက် ပညာရေးလွတ်လပ်ခွင့်ရှိသည့် ဒေသအခြေအနေနှင့် လိုက်လျောညီထွေကိုက်ညီသော (local curriculum) ထည့်သွင်းထားခြင်းမရှိပါ။ သင်ရိုးမာတိကာများကိုလည်း ဗဟိုမှရေးဆွဲချုပ်ကိုင်မည်ဖြစ်ကြောင်းနှင့် ဖတ်စာအုပ်များကိုလည်း ဗဟိုမှသာရေးသားထုတ်ဝေမည်ကြောင်း ပါဝင်ခြင်းကြောင့် ဗဟိုချုပ်ကိုင်မှုသိသာစွာ ရှိနေခြင်းကို တွေ့ရှိရသည်။

မိခင်ဘာသာစကားအခြေပြု ဘာသာစကားစုံပညာရေး (Mother Tongue Based Multilingual Education, MTB-MLE) ပါဝင်ခြင်း မတွေ့ရပါ။ ပုဒ်မ (၁၅) တွင် "တိုင်းရင်းသားတို့၏ ဘာသာစကား၊ စာပေ၊ အနုပညာနှင့် ယဉ်ကျေးမှု များကို ဖွံ့ဖြိုးတိုးတက်စေရန် .... " ဆိုသည့် အပေါ်ယံဆန်ပြီး အနှစ်သာရတွင် အားနည်းစွာဖော်ပြထားသည်။

ပုဒ်မ ၂၀ (က) တွင် တတ်မြောက်မှု စစ်ဆေးခြင်းနှင့် ပတ်သက်၍ သင်ရိုးညွှန်းတမ်းကို အခြေခံသော သင်ယူမှု ရလဒ်များ ပေါက်မြောက်အောင်မြင်မှု အခြေအနေကို စစ်ဆေးသည့်ကျွမ်းကျင်မှုအခြေပြု အကဲဖြတ် စစ်ဆေးနည်း စနစ်ကို ကျင့်သုံးရေးဟု ဖေါ်ပြထားသည်။ အဆုံးသပ် စစ်ဆေးခြင်းဖြစ်သည့် Summative Assessment ကိုသာ ဦးစားပေးထားသည်။

အခန်း (၇) အရည်အသွေးအကဲဖြတ်ခြင်းနှင့် အာမခံခြင်း အပိုင်းတွင်လည်း ဗဟိုမှသတ်မှတ်သည့် အရည်အသွေးကို အဆင့်ဆင့်တိုင်းတာရန်သာ ဖော်ပြထားသည်။ အရည်အသွေးဆိုင်ရာ သတ်မှတ်ရာတွင် ဒေသဆိုင်ရာမှ အနှစ်သာရ ရှိစွာ ပါဝင်ပြီး ဒေသဆိုင်ရာလိုအပ်ချက်နှင့် လိုက်လျောညီထွေ ကျင့်သုံးနေသည့် တိုင်းတာစနစ်များကိုလည်း ထည့် သွင်းရန် လိုအပ်သည်။ အရည်အသွေးကိုတိုင်းတာရာတွင် လူ့အခွင့်အရေးဆိုင်ရာ တိုင်းတာမှုစံနှုန်းများ (4As) ကို အသုံးပြု သင့်သည်။ ပညာရေးအရည်အသွေးကို လူ့အခွင့်အရေး စံနှုန်းများဖြင့် တိုင်းတာရာတွင် ပညာသင်ယူနိုင်သည့် အခြေအနေရှိမှု (available)၊ ပညာသင်ယူနိုင်သည့် နေရာရှိမှု (accessible)၊ သင်ယူမှုသည် လက်ခံနိုင်ဖွယ်ရှိမှု (acceptable) နှင့် သင်ယူရရှိသည့် ပညာရပ်များ ၏ အသုံးဝင်မှု (adaptable) တို့ ပါဝင်သည်။

အခန်း (၈)၊ အခြေခံပညာရေးစီမံခန့်ခွဲမှု ပုဒ်မ (၂၈) တွင် "ဝန်ကြီးဌာနသည် အခြေခံပညားရေးကဏ္ဍ၏ စီမံခန့်ခွဲမှုကို ဗဟိုချုပ်ကိုင်မှုလျော့ချပြီး ဗဟို၊ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်နှင့်ကျောင်းများတွင် အဆင့်အလိုက်တာဝန်ယူ ဆုံးဖြတ်လုပ်ဆောင်ခွင့်ရှိစေရန်...." ဟုပါဝင်သည်။ ဤသည်မှာ ပညာရေးဝန်ကြီးဌာနအတွင်း ဗဟိုချုပ်ကိုင်မှုအား အဆင့်အလိုက် လုပ်ဆောင်ခြင်းသာဖြစ်သည်။

အကြံပြုလိုသည်မှာ ကိုယ်ပိုင်ပြဌာန်းခွင့်ကို သိသာထင်ရှားစွာ ပညာရေးဥပဒေတွင် အာမခံချက်ပေးရန်လိုအပ်သည်။ သက်ဆိုင်ရာဒေသအလိုက်၊ သက်ဆိုင်ရာလူမျိုးအလိုက် ဒေသခံများ၊ ဒေသခံတိုင်းရင်းသားလူမျိုးများ၏ ပညာရေး ဆိုင်ရာ ကိုယ်ပိုင်ပြဌာန်းခွင့် ပြဌာန်းပေးရန်ဖြစ်သည်။

အခန်း (၉) တွင် ဆရာများကဏ္ဍတွင်လည်း ဆရာခန့်ထားရေး၊ ရာထူးတိုးမှု၊ ပြောင်းရွှေ့နေရာချထားမှု အားလုံးသည် ဗဟိုချုပ်ကိုင်မှုပြင်းထန်လွန်းသည်။ ဆရာ၊ ဆရာမများ၏ပါဝင်မှု၊ ကိုယ်တိုင်ရွေးချယ်ခွင့်များ အာမခံပေးထားခြင်း မရှိပါ။

အခန်း (၁၀) ကျောင်းသားကဏ္ဍတွင် "ကျောင်းသားသမဂ္ဂ" ဆိုသည့် စကားလုံးပါဝင်ခြင်းမရှိပေ။ မူလ မ.ဆ.လ စနစ်မှသုံးစွဲခဲ့သည့် "ကျောင်းသားကောင်စီ" သာဆက်လက်ပါဝင်နေဆဲဖြစ်သည်။

..........................................................................